University of Mandalay Open Access Repository

| | |
|---|---|
| Title | Historical Evidences of Aung Pin Le Region |
| All Authors | Yee Yee Win |
| Publication Type | Bulletin of Myanmar Studies, Vol.II |
| Publisher (Journal name, issue no., page no etc.) | Myanmar Pyin nyar yt Hma Sa Saung (2), Myanmar literature Research Journal (2), pg- 239-255 |
| Abstract | They dug many tanks and reservoirs for irrigated agriculture and made new settlements for implementation of economic schemes at Aung Pin Le region during the successive Myanmar kings. In the economic development schemes adopted by King Mindon, we see that new crops were introduced, cash crops were encouraged advanced money to meet all kinds of costs was paid to cultivators. Thus King Mindon opened a new economic frontier in the fields of agriculture at Aung Pin Le region and preservation of environmental degradation. |
| Keywords | economic development, environmental preservation |
| Citation | |
| Issue Date | 2015 |

# အောင်ပင်လယ်ဝန်းကျင်က ပြောသောသမိုင်း

## ဒေါက်တာရီရီဝင်း

စာတမ်းအကျဉ်းချုပ်

ပုဂံခေတ်ကအောင်ပင်လယ်ကန်သည် တောင်ပွန်ခရိုန်အတွင်းတွင်ပါဝင်ခဲ့သည်။ အောင်ပင်လယ်ကန်ကို စည်သူ ၁ (အလောင်းစည်သူမင်း) သားတော်ကြီး မင်းရှင်စောတည်ဆောက်ခဲ့ပါသည်။ မင်းအဆက်ဆက်တို့ အရေးမထားခဲ့ကြသော်လည်း ဗဒုံမင်းလက်ထက် အမရပူရနေပြည်တော်ကြီးတည်ထောင်သောအခါ ထိုကန်ကြီးသည် မြို့တော်၏ အရှေ့မြောက်ဘက်မှ တည်ရှိနေပြီး ရွှေမြို့တော်အတွက် စပါးကျီကြီး သဖွယ်ရှိနေခဲ့သည်။ ထို့ကြောင့်ကုန်းဘောင်ခေတ်နောက်မင်းအဆက်ဆက်တို့က အောင်ပင်လယ်ဝန်းကျင် ရှိရွာများကို စီးပွားရေးနှင့်လုံခြုံရေးတို့အတွက် များစွာအားထားခဲ့ကြသည်ကို ဖန်တီးပေးထား သကဲ့သို့ ရှိနေသည်။ အောင်ပင်လယ်ဝန်းကျင်တွင် ဘုရင့်လယ်တော်သားတို့ သာမက အမှုထမ်းပေါင်းစုံတို့ကို လည်းနေရာချထားပေးခဲ့သဖြင့် လူမျိုးပေါင်းစုံ လူ့အလွှာပေါင်းစုံနှင့်ယဉ်ကျေးမှု ပေါင်းစုံတို့ ဖြစ်ထွန်း တိုးတက်ရာလည်းဖြစ်ခဲ့သည်။ ထိုအကြောင်းတို့ကို မြင်သာရုံစာတမ်းအကျဉ်းတင်ပြထားပါသည်။ ပဓာနထားခဲ့သည်မှာ လူ့ဝန်းကျင်တွင် အောင်ပင်လယ်ကန်ကြီး၏ အရေးပါမှုအခန်းကဏ္ဍကို ဖော်ညွှန်းလို ရင်းဖြစ်ပါသည်။

မန္တလေးမြို့မှ ပြင်ဦးလွင်ဘက်သို့ထွက်လာခဲ့သော လမ်းဘေးတွင် တစ်ချိန်က အောင်ပင်လယ် အမည်ရှိ ရွာကြီးတစ်ရွာရှိခဲ့ဖူးသည်ကို ၁၉၉၀ ကာလမတိုင်မီက လူများသိရှိကြပါသည်။ အောင်ပင်လယ် ကန်ကို အမှီပြုပေါ်လာခဲ့သော သမိုင်းဝင်ရွာကြီးတစ်ရွာဖြစ်သည်။ ရတနာပုံခေတ် က ထိုကန်ကြီးသည် ရေအပြည်ဖြင့် အချို့ကြာမျိုးငါးပါးလွှမ်းလျက် ကျေးငှက် သတ္တဝါမျိုးစုံတို့ဖြင့် အလွန်လှပ သာယာ ခဲ့မည်ကို ခေတ်ပြိုင်စာပေများက ပုံဖော်ခဲ့သဖြင့် စိတ်တွင် မြင်ယောင်နေမိသည်။ နိုင်ငံ့လွတ်လပ်ရေး ဆုံးရှုံးခဲ့ရခြင်းနှင့်အတူ အောင်ပင်လယ်ရေများလည်း ခန်းခြောက်ကွယ်ပျောက်သွားခဲ့ရသည်။ တစ်ဖန် မန္တလေးမြို့တော်ကြီးကို တိုးချဲ့ခဲ့သောအခါ ထိုအောင်ပင်ရွာသည် ပုသိမ်ကြီးမြို့နယ်အတွင်း ရှိခဲ့သော် လည်း မန္တလေးမြို့နယ်နိမိတ်အတွင်း ရောက်ရှိလာခဲ့သည်။ ရွှေ မန္တလေး၏ရပ်ကွက်ငယ်တစ်ခုအဖြစ်သို့

ပြောင်းလဲသွားခဲ့ရသည်။ ထို့ကြောင့် နောင်တွင် အောင်ပင်လယ်ကန်သမိုင်းပျောက်ကွယ်သွားနိုင်ဖွယ် ရှိသောကြောင့် ထိုသမိုင်းကို ရရှိသမျှ အထောက်အထားတို့ဖြင့် ပြုစုထားခဲ့ပါသည်။

အောင်ပင်လယ်ကန်ကို မင်းရှင်စောက တူးဖော်ခဲ့ကြောင်းရာဇဝင်ကျမ်းတို့တွင် ဆိုသည်။ ပုဂံခေတ် ကျောက်စာတစ်ချပ်တွင်လည်း အောင်ပင်လယ်အမည်ဖော်ပြချက်တွေ့ရှိရဖူးသည်။ ၁၁၅၆စထိုး "မင်းသမီး စိုးမင်းတို့ကျောက်စာ" တွင် အောင်ပင်လယ်ခွင် အမည်ကို တွေ့ရသည်။ (ငြိမ်း၊ ပ၊ ၁၉၇၂၊ စာ ၈၂) ၁၁၅၁၃ နှစ်ဖြင့် မင်းရှင်စော၊ ကျောက်စာတစ်ချပ်ကိုလည်းတွေ့ရသည်။ လက်ရေးအဝိုင်းပါရှိခြင်း၊ မန္တရေ အသုံးပါရှိခြင်းတို့ကြောင့်နောက် ထိုးကျောက်စာဖြစ်ကြောင်း ပြောနိုင်သည်။ (ငြိမ်း၊ ပ၊ ၁၉၇၂၊ စာ ၃၃၉)

အောင်ပင်လယ်ကန်ကြီးသည် ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်ကုန်ဆုံးသည့်တိုင် ပြည်သူ တို့ကို များစွာ အကျိုးပြုခဲ့သော ကန်ကြီးဖြစ်ပေသည်။ ထိုကန်ဝန်းကျင်တွင် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြရသော လယ်ယာလုပ်သားနှစ်မျိုးရှိခဲ့သည်။ ပြည်သူပြည်သားလယ်လုပ် သားနှင့် မင်းဧကရာဇ်၏ လယ်လုပ်သား (လမိုင်းသား) ဟူ၍ဖြစ်သည်။ မင်းဧကရာဇ်၏ လယ်လုပ်သား တို့ကို လမိုင်းအစုသားဟု ခေါ်သည်။ ယင်းတို့ကိုအုပ်ချုပ်စီမံရသူကို လမိုင်းဝန်းဟုခေါ်ဆိုသည်။ သို့သော် ၁၄ ဩဂုတ် ၁၇၉၅ ရက်စွဲပါ အမိန့်တော်တစ်ရပ်တွင် ဘုရင်က ယင်း ကျေနပ်ယုံကြည်ရသူကို အုပ်ချုပ်စေသည့် သဘောတွေ့ရသည်။ အောက်ပါအမိန့်တော်က ထင်ရှားစေပါသည်။

> အောင်ပင်လယ်လမိုင်းအစုသားတို့ကို နော်ရထာကျော်ခေါင်ကို အပ်၍ အုပ်ချုပ်ထိန်းသိမ်းစီရင်စေ။ ကျော်စည်ဝန်နေမျိုးကာမဏိက မအုပ်မချုပ် မစီရင်စေနှင့်။ အောင်ပင်လယ်နန်းတော် ကုန်းတော် သင့်ရာ အရပ်တွင် နော်ရထာကျော်ခေါင်ကို အိမ်ဆောက်၍နေစေ။ ရုံးဆောက်၍လည်း စီရင်စေ။
> (ROB, V: 617)

ယခင်က အုပ်ချုပ်နေသူ ကျော်စည်တိုက်ဝန် နေမျိုးကာမဏိသည် အုပ်ချုပ်ရေးပျော့ညံ့သူဟု ယုံကြည်၍ လုပ်ဆောင်စီပွားတိုးတက်အောင် မလုပ်ဆောင်သောကြောင့်ဟု မှန်းဆရသည်။ ထိုမှန်းဆ ချက်ကို ၁၉ ဩဂုတ် ၁၇၉၅ ရက်စွဲဖြင့် ထုတ်ပြန်သောအမိန့်တော်ကလည်း ထောက်ခံနေဘိသို့ ရှိသည်။ ထိုအမိန့်တော်အရ အောင်ပင်လယ် လမိုင်းသားတို့ကို ကျပ်ကျပ်တည်းတည်း အုပ်ချုပ်ရန် ဗဒုံမင်းက ညွှန်ကြားခဲ့သောကြောင့်ဖြစ်သည်။ ညွှန်ကြားချက် အမိန့်တော်က ဤသို့ဖော်ပြထားပါသည်။

> နော်ရထာကျော်ခေါင်ကို ခြေကျင်း ၂ ရံနှင့် အာဏာတော်ပေးအပ်၍ အောင်ပင်လယ်ရုံးမှာ နေစေ။ အောင်ပင်လယ်သို့ပြောင်းနေစေ အမိန့်တော်နှင့်ပြောင်းရသည့် လမိုင်းကျေးရွာ အစုသားတို့ကို နော်ရထာ ကျော်ခေါင်က ကုန်စင်အောင် သိမ်းစေ။ ကျေးရွာများ တအိမ် တယောက်မျှ မကြွင်းမကျန်စေနှင့်။ (ROB, V: 512)

အမိန့်တော်ကို ကြည့်လျှင် အုပ်ချုပ်ရေးတွင် ကြီးကျယ်သော ပြဿနာတစ်ရပ်ဧကန်ပင် ရှိနေကြောင်းဆိုနိုင်သည်။ မှန်းဆရသည်က ယိုးဒယားစစ်အတွက် လမိုင်းသားတို့ကို စစ်မှုထမ်းခေါ်သောကြောင့် ခိုကပ်/တိမ်းရှောင်နေကြသဖြင့် ယခုကဲ့သို့ အရေးယူခြင်းဖြစ်နိုင်စရာရှိသည်။

အောင်ပင်လယ်တွင် မင်းဧကရာဇ်ပိုင်သော လယ်ယာမြေကောက်များစွာရှိသည်။ ထိုလယ်ယာတို့ကို လုပ်ဆောင်နိုင်ရန် မင်းဧကရာဇ်ပိုင် ကျွဲ၊နွား၊ လှည်းများလည်းရှိသည်။ နေပြည်တော်တွင် ဝန်သယ်ရန် လိုအပ်သောအခါ ဆင့်ဆိုမှာယူအသုံးချခဲ့သည်တို့ကိုလည်းတွေ့ရှိရသည်။ ဗဒုံမင်း၏ အောက်ပါ အမိန့်တော်ကထိုခေတ်လူမှုစီးပွားဓလေ့ယှက်နွယ်ပုံကို တွေ့ရှိလေ့လာနိုင်သည်။

> အောင်ပင်လယ်လမိုင်းကလှည်းတိုက်နွား ၃၂၊ တောင်ဘက်လမိုင်းက လှည်းတိုက်နွား ၅၀၊ အနောက်ဝန်စု နွားဘဏ္ဍာက ၁၄ ကို လှည်းတိုက်ရန်ပေးစေ၊ ပျော်ဘွယ်သားတို့ထိန်းစု ကျွဲတော် ၂၃၃ ကို အောင်ပင်လယ်လမိုင်းသို့အပ်၍ ထိန်းသိမ်းစေ။

ဟူ၍လည်း ၂၃ အောက်တိုဘာ ၁၈၀၈ နေ့က ထုတ်ပြန်ခဲ့ဖူးသည်။ ထို့ကြောင့် မင်းဧကရာဇ်က ပိုင်သော ကျွဲနွားလှည်းများလည်း အောင်ပင်လယ်တွင်ရှိကြောင်းတွေ့သိရသည်။ ကျွဲဘဏ္ဍာ၊ နွားဘဏ္ဍာ ဆိုလျှင် မင်းဧကရာဇ်ပိုင်များဟု ဖော်ပြခြင်းဖြစ်သည်။

ကုန်းဘောင်ခေတ်တွင် ဗဒုံမင်းလက်ထက်တော်ကစ၍ ပြည်သူတို့ကြားတွင် နွားခိုးမှုများ မကြာခဏဖြစ်ပေါ်ခဲ့သည်။ ဗဒုံမင်းလက်ထက်နောက်ပိုင်း (၁၈၁၇)က ခိုးမှုပါနွားများကို ပိုင်ရှင်များသို့ပြန်ပေးရန် မကြိုးစားဘဲ လမိုင်းသို့ ပေးအပ်ပြီး မင်းပိုင်ဘဏ္ဍာတော်နွားများအဖြစ် သိမ်းယူခဲ့သည်များကို တွေ့ရှိပါသည်။ ထိုအကြောင်းကို ၂၄ မေ ၁၈၁၇ နေ့ထုတ် အမိန့်တော်တွင်

> ရဲခေါင်သီဟ သူခိုးဓားပြတို့တွင် ရ၍ နွား ၁၀၀ မှာ တိုက်နွားထွန်နွား ၃၀ ကို သီရိနန္ဒာဝန် ဥယျာဉ်မှူး သို့ ပေးအပ်၍ ကျန်နွား ၇၀ ကို အောင်ပင်လယ်လမိုင်းသားတို့သို့ ပေးအပ် လုပ်ဆောင်စေ။

ဟူ၍ဖော်ပြထားသည်။ ၂၄ ဩဂုတ် ၁၈၁၇ နေ့ကလည်း ခိုးမိနွားပေါင်း ၂၀ ကို အောင်ပင်လယ် လမိုင်းသို့ အပ်၍ ထိန်းကျောင်းစေခဲ့သည်။ မူလပိုင်ရှင်တို့သို့ အဘယ့်ကြောင့်ပြန်၍ မပေးခဲ့ပါသနည်း။ အလွန်စဉ်းစားဝေဖန်စရာပင်ဖြစ်ပါသည်။ သာမာန်အားဖြင့် ပိုင်ရှင်မဖော်ထုတ်ပေးနိုင်သောကြောင့် ဟူ၍ သာဆိုရပါတော့မ်ည။ တစ်ဖက်ကကြည့်လျှင်လည်း လမိုင်းလယ်တော်များတွင် ထွန်ယက်စိုက်ပျိုးရာ၌ မရှိ မဖြစ်သော

## လမိုင်းအစု

အထက်တွင်ဆိုခဲ့သည့်အတိုင်းလမိုင်းလယ်တို့ကို ဘုရင့်လယ်သမားတို့က လုပ်ကိုင်ကြရသည်။ ယင်းတို့ကို လမိုင်းအစုသားများဟုခေါ်ကြသည်။ လမိုင်းအစုများကို ညောင်ရမ်းခေတ် သာလွန်မင်း လက်ထက်တော်က စတင်ဖွဲ့စည်းခဲ့ခြင်းဟု ထင်ပါသည်။ လမိုင်းသားတို့ကို သီးသန့်ကျေးရွာ များ၊ ထူထောင်ချပေးထားခဲ့ပါသည်။ အောင်ပင်လယ်ဝန်းကျင်တွင် လယ်ယာပိုင်ဆိုင်မှုသုံးမျိုးကို တွေ့ရသည်။ မင်းပိုင် လမိုင်းမြေ၊ ပြည်သူတို့ပိုင်လုပ်ကိုင်နေကြသော ပုဂ္ဂလိကပိုင် လယ်ယာမြေနှင့် ဝတ္တကံမြေများ ဖြစ်ကြသည်။ မည်သည့်လယ်ယာမြေမျိုးက ပိုမိုများပြားမည်ကို စာရင်းဇယားနှင့် ခွဲခြားမပြနိုင်သေးပါ။ သို့သော် ဘုရင့်လယ်ယာတော်က အများဆုံးဖြစ်ပြီး ပြည်သူပိုင်လယ်ယာမြေက ဒုတိယလိုက်မည် ထင်ပါသည်။ ဘုရားကျောင်းပိုင် ဝတ္တကမြေမျိုးမှာ အနည်းဆုံးဖြစ်နိုင်သည်ဟု မှန်းဆရပါသည်။ ထိုသို့ သော ဝတ္တကမြေတို့ကိုလည်း ခေတ်ကာလကြာညောင်းလာခဲ့သည်နှင့်အမျှ ကျောက်စာမော်ကွန်း ပျက်စီး ကုန်သဖြင့် မသိမသာနှင့် ဝတ္တကမြေအဖြစ်မှ ရွေ့လျောကျဆင်းလာခဲ့ကြရပေ သည်။ ကုန်းဘောင်ခေတ် မှတ်တမ်းအရမူ ရှေးမင်းတို့လှူခဲ့သောမြေယာတို့ထက် ကုန်းဘောင်ခေတ်နှောင်း မင်းတို့လှူခဲ့သော မြေယာမျိုးကိုသာ တွေ့ရှိနိုင်တော့ပြီဖြစ်ပါသည်။

ဝတ္တုကံမြေများနှင့်ပတ်သက်၍ ပုဂံမင်း (၁၈၄၆–၁၈၅၃) က မဟာလောကရံသီဘုရားကို လှူခဲ့သော မြေယာများကို ရှေးဦးအစဖော်ပြပေးလိုက်ပါသည်။ ထိုအထောက်အထားတွင် လယ်ယာမြေ များကိုမည်သို့ခွဲဝေတိုင်းတာချထားပုံကို သိရှိရပါသည်။ ပေးချလှူဒါန်းသောအခါ လုပ်ကိုင်နေဆဲဖြစ်သော

လယ်ယာများကို ချည်းလှူသည်မဟုတ်ဘဲ အသစ်ဖော်ထုတ်ရမည့် မြေရိုင်းများလည်း ပါခဲ့ကြောင်း တွေ့ရသည်။ အဦးအစ ပုဂံမင်းက ကုသိုလ်တော် မဟာလောကရံသီဘုရား ကျွန်သီးတော် တို့အတွက် အောင်ပင်လယ်ကန်အောက်ကန်ရေသောက်မြေများကို အောက်ပါအတိုင်းတိုင်းတာချထားပေးခဲ့ပါသည်။

**မဟာလောကရံသီဘုရားကျွန်သီးတော်တို့ကို တိုင်းတာချပေးသည့် ကြိုးလမ်းစာတမ်းဘုရား**

ကုသိုလ်တော်မဟာလောကရံသီဘုရားပတ်ဝန်းကျင်လယ်မြေများကို ကျွန်သီးတော်များလုပ်စားစေ အမိန့်တော်မြတ်သတ်မှတ်နာခံရသည်မှာ အောင်ပင်လယ်ကန်အောက်ဘေးတော်ဘုရားလက်ထက် လက်ဝဲဝင်းမှူး မင်းလှကျော်ထင် လုပ်စားသည့်လယ်မြေကို သားလက်ဝဲဝင်းမှူးဟောင်းက ဆက်သရာ အဘိုးငွေတော် သနားတော်မူသည် လယ် ၁၃၆ အတွင်းဝန် စမ္ဗာယ်နဂိုမြို့စား သတိုးမင်းကြီးမဟာမင်းလှမင်းကျော်က ဆက်သည့်ပယ် ၅၀၊ ၂ ရပ်လယ်ပယ် ၁၈၆ ကို လဲ၍ သနားတော်မူသည့်မြေကို တိုင်းတာချပေး၊ လုပ်စား ထမ်းရွက်စေ၊ ကုသိုလ်တော်ဘုရားပတ်ဝန်းကျင်လယ်မြေကိုလည်း စိန်ပန်းလေ့အမှုထမ်းတို့က အထက်အမိန့်တော်မြတ်ရင်းအတိုင်းလုပ်စားမြဲလုပ်စားစေ။

သက္ကရာဇ် ၁၂၁၀ ပြည့် နတ်တော်လဆန်း ၁၀ ရက် (၅ ဒီဇဘာ် ၁၈၄၈) နေ့ နားခံတော်ပြော့ကြီးမှူး မဟာမင်းတင်မင်းကျော်ပြန်။

ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်း တိုင်းတာချပေးလုပ်စား ထမ်းရွက်စေ။ ဝန်ရှင်တော်မြတ်မင်းကြီးများ မိန့်တော်မူချက်နှင့် သက္ကရာဇ် ၁၂၁၀ ပြည့်နှစ် နတ်တော်လဆန်း ၁၄ ရက်နေ့ စာရေးကြီးမဟာမင်းလှမင်းတင်ကျော်မြေတိုင်း အမတ်နေမျိုးနန္ဒကျော်ထင် မြေတိုင်းစာရေး ငဆွဲ၊ ငကြာရင်၊ အောင်ပင်လယ် လမိုင်းစာရေး မင်းတင် ဗန္ဓုကျော်စွာ၊စာရေး ငရွှေအို၊ ပန်တိုင်းသား ငမြတ်ရွှန်း တို့အစုံအညီ–

သာသနာတော်စောင့်သမာဒေဝနတ်၊ ဘုမ္မစိုး၊ ရက္ခစိုး၊ တောစောင့် တောင်စောင့် ကန်စောင့်နတ် တို့အား တိုင်ကြားပသပူဇော်ပြီးလျှင် ၂၅ တာကြိုးနှင့် လှူကတ်တော်သား[၁] ငတူကြိုးရင်း၊ ကောင်းဟန်တန်းသား ငပေါ်ရွှန်းကို ကြိုးဖျား၊ သူရဲတန်းသားငကိုင်ကို တားဝါ စွဲကိုင်စေ၍

[၁] လွှတ်တော်သား/လှူတ်တော်သား မကွဲပါ။

၁။ ဝန်ရှင်ပြွန်ဝမြောက်ဘက်တွင် ပထမနမိတ်မှတ်တိုင်စိုက်ထားပြီးလျှင် ၎င်းမှတ်တိုင်ကသည် အနောက်မြောက်ဘက်ယွန်းယောင်ဝန်ရှင်ပြွန်မြောက်ကို လျှောက်၍ ၎င်းမြောင်းမြောက်ဘက်စိုက်ထားသည့်မှတ်တိုင် ထိ ၁၆ ကြိုး ၁၊

၂။ ၎င်းကမြောက်ကိုအတည့် သာဝတ္တိစားမြေ ရွှေတောင်လုတင်မြေစပ်ကို လျှောက်၍ လုည်းလမ်းရောက် ၂ ကြိုး ၁၄၊

၃။ ၎င်းကအနောက်မြောက် ရွှေတောင်လုတင်မြေစပ်ကို လျှောက်၍ နမ်းခင်းကို ဖြတ်ပြီးလျှင် ငရွှေမောင်မြေစပ်ကုန်းစောင်း မန်ကျည်းပင်မှတ်တိုင်ထိ ၄ ကြိုး

၄။ ၎င်းကအရှေ့ငရွှေမောင်မြေစပ်ကို လျှောက်၍ ရေယူမြောင်းအရှေ့ဘက်မှတ်တိုင်ထိ ၂ ကြိုး ၂ ဝ၊။

၅။ ၎င်းကမြောက် ငရွှေမောင်မြေစပ်ရေယူမြောင်းကို လျှောက်၍ ထားဝယ်မြောင်းနှင့် ရေယူမြောင်းဆုံ၍မိအိုမြေစပ်မှတ်တိုင်ထိ ၅ ကြိုး

၆။ ၎င်းကအရှေ့မိအိုမြေစပ် ထားဝယ်မြောင်းကို လျှောက်၍ ကန်အောက် စလုပ်အနောက်မြောင်းပေါင်ရိုးမှတ်တိုင်ထိ ၉ ကြိုး ၁၆၊

၇။ ၎င်းကကန်အောက်စလုတ်ကိုဖြတ်ကူး၍ ထားဝါပြွန်ဟောင်းကန်ရိုးမန်ကျည်းပင် နှစ်ခွ အနောက် ၁ တာကွာ ကန်မြေထိ ၁ ကြိုး

၈။ ၎င်းကအရှေ့တောင်ယွန်းကန်ခြေ ကိုလျှောက်၍ အတွင်းဝန်စမွဲယ်နဂိုမြို့စားဆက်သည့် မြေစပ်ရောက် ၂ ကြိုး

၉။ ၎င်းက အရှေ့တောင်ကန်မြေကို လျှောက်၍ လုည်းလမ်းကူးရောက် ၄ ကြိုး ၉၊

၁၀။ ၎င်းကအရှေ့တောင်ကန်မြေကို လျှောက်၍ ကန်အောက်ထနောင်းပင်ရောက် ၁ ကြိုး

၁၁။ ၎င်းကအရှေ့ကန်ခြေကိုလျှောက်၍ ကန်အောက်ကန်ကွေထနောင်းပင် အနောက် ၂၊ ကွာရောက် ၁ ကြိုး၁၅၊

၁၂။ ၎င်းကတောင်ကန်ခြေကို လျှောက်၍ ရေရိုးပြွန်ရောက် ၂ ကြိုး

၁၃။ ၎င်းကတောင်ကန်ခြေကို လျှောက်၍ ပထမနိမိတ်ဝန်ရှင်ပြွန်ဝမြောက်ဘက်မှတ်တိုင်ထိ ၅ ကြိုး

စုစုပေါင်းမျက်နှာ တိုင်းရကြိုးပေါင်း ၅၇ ကြိုးအတွင်းတွက်ရပယ် ၁၈၁ဲ

၎င်းအနက် ကန်အောက်ရွာဥယျာဉ်ပါ ၃ဲ

မလုပ်ရ လယ်တိမ်လယ်တော ၁၉ဲ

ရေဦးပြွန်မြောက် ၂ဲ

၃ စုပြွန် ၂၄ဲပြင်ကျန်လုပ်ရမြေတွင်ပယ် ၁၅ ၇ဲ

၎င်းတစ်ရပ်၊ ငရွှေမောင်လယ်မြေအနောက် သံလျင်မြို့စားဆက်သမြေစပ် ဝါးရုံးမြောင်တောင် ဘက်မှတ်တိုင်က ပထမနိမိတ်ထားပြီးလျှင်

၁။ ၎င်းမှတ်တိုင်က တောင်ကို ငရွှေမောင်မြေစပ်လျှောက်၍ မဟာမုနိဘုရားကျွန်သီးတော်မြေစပ် ကိုမှတ်၍ ကျောက်တိုင်ထိ ၁၁ ကြိုး ၁၄၊

၂။ ၎င်းကအနောက်မြောက်ယွန်းမဟာမုနိဘုရားကျွန်သီးတော်မြေစပ်ကို လျှောက်၍ မှတ်တိုင်ထိ ၃ ကြိုး ၅၊

၃။ ၎င်းကမြောက်ကို ဝါးရုံမြောင်တောင်ဘက် မှတ်တိုင်ထိ ၁၁ ကြိုး

၄။ ၎င်းက အရှေ့ဝါးရုံမြောင်ကို လျှောက်၍ ပထမနိမိတ် ငရွှေမောင်မြေစပ် မှတ်တိုင်ထိ ၃ ကြိုး ၅၊

စုစုကြိုးပေါင်း ၂၈ ကြိုး၊ ၂၄၊

၎င်းအတွင်းတွက်ရပယ် ၃၆

| | |
|---|---|
| ငင်းအုံ့လယ်တိမ်လယ်ကော | ၇ဲ |
| ကျန်လုပ်ရပယ် | ၂၉ဲ |
| ၂ ရပ် တိုင်းရပယ် | ၁၇ဲ |
| ငင်းအုံ့ဥယျာဉ်ရွာကုန်း | ၃ဲ |
| လယ်တိမ်လယ်ကော | ၂၃ဲ |
| ရေရိုးပြွန်မြောင်း | ၂ဲ |
| ၃ စုပယ် | ၃၁ဲ အပြင်– |
| ကျန်လုပ်ရပယ် | ၁၈၆ဲ ကို |

ကုသိုလ်တော် မဟာလောကရံသီဘုရား ကျွန်သီးတော်အကြီးသဒ္ဓါဒေဝ၊ ပုညာဒေဝ၊ သဒ္ဓါ ဇေယ ပုညာဇေယတို့ကို တိုင်းတာချထားပေးသည့်ပုံစံကြိုးလမ်းစာတမ်းဘုရား။

၁၂၁၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၉ ရက်နေ့ နားခံတော်ပြော့ကြီးမှူးတွင်ပြန်။

၁၂၁၀ ပြည့် ပြာသိုလဆန်း ၅ ရက်နေပ သံတော်ဆင်ဦးသင်၊ မြဲတိုက် သံဆင့် ငထောက် ဘွားဖက်ကျော်ခေါင်ကြီးတို့အပ်ဘုရား။

| | |
|---|---|
| တောင်မျက်နှာ | ၁၆ ကြိုး၊ ၁ါ |
| နောက်မျက်နှာ | ၁၄ ကြိုး၊ ၉ါ |
| မြောက်မျက်နှာ | ၁၀ ကြိုး ၁၆ဲ၊ |
| ရှေ့မျက်နှာ | ၁၄ ကြိုး၊ ၂၄ါ |

မြန်မာတို့သည် သမိုင်းခေတ်ဦးကတည်းက မြေတိုင်းပညာကို တတ်မြောက်ခဲ့ကြမည်ယုံကြည်ပါသည်။ မြို့တော်များ၊ သာသနိက အဆောက်အအုံများတည်ထားခဲ့ကြသည်ကို ကြည့်၍ဆိုခြင်း ဖြစ်ပါသည်။ သို့သော် အစဉ်အလာစွဲကြီးကြောင်းလည်း သတိထားမိပါသည်။ အကြောင်းမှာ မြေယာတိုင်းခြင်းလုပ်ငန်းကို လုပ်ဆောင်သော အခါ နတ်ပခြင်း၊ ဗေဒင်ယတြာပြုခြင်းတို့ကို တွေ့မြင်ရသောကြောင့် ဖြစ်ပါသည်။ ကုန်းဘောင်ခေတ် မြေတိုင်းရာတွင်လည်း လုပ်ငန်းလွယ်ကူချောမောစွာပြီးမြောက်နိုင်ရန်အတွက်ဗေဒင်ယတြာလုပ်ရသည်ကိုလည်း တွေ့ရှိရသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်မှုတွင် တောတောင်တို့ကို စောင့်သောနတ်များအား ပူဇော်ရမြဲ အစဉ်အလာကို လိုက်နာခြင်းလည်းဖြစ်နိုင်ပါသည်။ စိတ်၏လုံခြုံမှုကို ရှာခြင်းနှင့် လုပ်ငန်းအောင်မြင်ပြီးမြောက်နိုင်စေခြင်းတို့အတွက် လုပ်ကိုင်တတ်သော သဘောလည်းရှိသောကြောင့် အယူသည်းခြင်းဟု ဆိုနိုင်ရန်ခက်ပါသည်။

ပုဂံမင်းက ဝတ္တကံမြေယာများကို ကောင်းစွာ လုပ်ကိုင်နိုင်ကြစေရန် အုပ်ချုပ်သူအကြီးအကဲများကိုလည်း ခန့်ထားပေးခဲ့ပါသည်။ ကျွန်သီးတော်အကြီးအကဲများဖြစ်သော သဒ္ဒါဒေဝ၊ ပုညာဒေဝ၊ ဥဒ္ဒါဓေယ၊ ပညာဓေယျတို့လေးစုအတွက် လယ်ပယ်ပေါင်း ၁၈၆ ကို ချပေးထားခဲ့သည်။ ဘုရားကျွန်ဦးရေကိုမူ မဖော်ပြပေးထားပါ။ ကျွန်သီးတော် ခေါင်းလေးဦး ရှိသောကြောင့် ကျွန်သီးတော် လေးဆယ် ရှိမည်ထင်ပါသည်။ တစ်ဖွဲ့လျှင် ဆယ်ဦးပါမည် မှန်းဆရသည်။ အကြောင်းမှာ အကြီးအကဲကို လယ် ၁၀ဲ ပယ်ပေးချ၍ ဒုတိယအဆင့် ရှိသူကို ၇ ပယ်ပေးချပေးပြီးလျှင် ငယ်သားကို ၅ဲ ပေးရမြဲဖြစ်သောကြောင့်တည်း။ ပေးခဲ့ သော မြေတို့မှာ အောင်ပင်လယ်ကန်အောက်ဟု ဆိုသောကြောင့် ယခုမြို့သစ်ထန်းကိုးပင်နေရာမှသည် ရန်ကုန်အထွက် အင်းကျိုးတံတားဝန်းကျင်အတွင်း ဖြစ်ဖို့များမည်ထင်ပါသည်။ သို့သော် ပုဂံခေတ် ကျောက်စာမှာကဲ့သို့ လယ်ယာထွက်ကုန်ထဲမှ ဘုရားအတွက်မည်၍မည်မျှပျက်လျှင် ပြင်ဆင်ရန် မည်၍ မည်မျှစသည်ဖြင့် ခွဲခြားဖော်ပြခဲ့သည်မျိုးမတွေ့ရချေ။ ကျွန်ုပ်တို့၏ ဘုရားနှင့်ဆိုင်သော တာဝန်ပိုင်းချားမှုလည်း မဖော်ပြခဲ့ချေ။

**မင်းတုန်းမင်း၏ စိမ်းလန်းစိုပြည်ရေး**

မင်းတုန်းမင်းကြီးက မန္တလေးရတနာပုံရွှေမြို့တော်ကြီး တည်ထောင်မည် ဆုံးဖြတ်ချက်နှင့်တည်ထောင်ခြင်းနှင့်အတူ ပတ်ဝန်းကျင်သာယာစိုပြည်ရေးနှင့် လယ်ယာလုပ်ငန်း ကောင်းမွန် တိုးတက်

ရေးတို့ကို တစ်ပြိုင်နက် ဆောင်ရွက်ခဲ့သည်ဟု ဆိုနိုင်ပေသည်။ အောက်ဖော်ပြပါယင်း၏ အမိန့်တော်ကို လေ့လာလျှင် ပိုမိုသဘောပေါက်နိုင်မည်ဖြစ်ပါသည်။

အောင်ပင်လယ်ဒေသသည် အမှုထမ်းစားမြေများစွာရှိသော နေရာဖြစ်သည်။ အများဆုံးမှာ ဘုရင်ပိုင်လယ်ယာမြေများဖြစ်သည်။ လမိုင်းမြေများဟုခေါ်ပါသည်။ ရွှေနန်းရိုးလမိုင်းဟူ၍လည်း မှတ်တမ်းရှိသည်။ မန္တလေးဝန်းကျင်တွင် လုမိုင်းမြေသုံးမျိုးကိုလည်းတွေ့ရသည်။ မြောက်ဘက်လမိုင်း (လက်ဝဲလမိုင်း) အောင်ပင်လယ်လမိုင်း နှင့် တောင်ဘက်လမိုင်း (လက်ယာလမိုင်း) တို့ဟူ၍ဖြစ်သည်။ လမိုင်းမြေအများဆုံးရှိသော ဒေသမှာ ကျောက်ဆည်ဘက်တွင် ဖြစ်သည်။ မြန်မာနိုင်ငံအနှံ့တွင်လည်း လမိုင်းလယ်တော်များကို တွေ့ရသည်။ အများဆုံးစလင်းဘက်တွင်ဖြစ်ပါသည်။ အောင်ပင်လယ်အရပ် သည် ရွှေကြိုးသတ်နယ်မြေထဲပါဝင်သဖြင့် လူမှုဆက်ဆံရေးနယ်ပယ်လည်းရှေးကထက်ကျယ်ဝန်းရှုပ်ထွေး လာခဲ့ရသည်။

ဤတွင် အောင်ပင်လယ်လမိုင်းအကြောင်းတင်ပြလိုပါသေးသည်။ ထိုလမိုင်းနှင့် ပတ်သက်သော စစ်တမ်းတစ်ခုကိုလည်း တွေ့ရှိလေ့လာရသည်။ အောင်ပင်လယ်ကန်မဖြစ်ထွန်းမီက ထိုဒေသကို ထွန်တုံးပူတက်ဟူ၍ ရာဇဝင်ကျမ်းများတွင် တွေ့ရသည်။ ပုဂံခေတ် အလောင်းစည်သူမင်းလက်ထက် သားတော်မင်းရှင်စောကို ထိုဒေသသို့ နယ်နှင်ထားစဉ် မင်းသားသည် အောင်ပင်လယ်ကန်ကို တူးဖော်ခဲ့သဖြင့် ဒေသသည် စည်ပင်ဖြစ်ထွန်းလာခဲ့သည်။ မင်းရှင်စောသည် နောက်ပါ ဗိုလ်ခြေ အင်အားဖြင့် တူးဖော်ခဲ့သဖြင့် အကျိုးဖြစ်ထွန်းခဲ့ပုံကို ရာဇဝင်ဆရာများက ဤသို့ဆိုခဲ့ကြသည်။

အလျားအနံ့အတာ သုံးထောင်ရှိသော အောင်ပင်လယ်ကန်ကိုလည်း တည်၏။ တမုတ်ဆိုး အရပ်၌ ကန်ကိုလည်း ဆည်၏။ မြောင်းသုံးသွယ် လယ်ပယ်သုံးသောင်းဖြစ်စေ၏။ တစ်နှစ် သုံးသီးစားရ၏။ အလွန်ဝပြောစည်ပင်စွာဖြစ်လေ၏။ (ဦးကုလား၊ ၂)

လယ်ပယ်သုံးသောင်းဟူသည် ဧကအားဖြင့် ၅၀၀၀၀ ကျော်ခန့်ရှိသည်။ ထို့ကြောင့် အောင်ပင်လယ်ကန်သည် ပုဂံခေတ်ကတည်းက ရှိသောကန်ဖြစ်၍ ထိုကန်ကို မင်းအဆက်ဆက်တို့ပြုပြင်ဆည်ဖို့ခဲ့ကြသည်တို့တွင် ဗဒုံမင်းသည် ထင်ရှားခဲ့သည့် မင်းတစ်ပါးဖြစ်သည်။ မန္တလေးခေတ် မင်းတုန်းမင်းကြီးလက်ထက်တွင် လူနေထူထပ်စည်ပင်စေရန် ဗဒုံမင်းက ရှေးပြေးတင်ကြိုမြော်မြင် လုပ်ဆောင်ပေးခဲ့သကဲ့သို့ ရှိတော့သည်။ လမိုင်းလယ်တော်များ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းကိုမူ ညောင်ရမ်းမင်းတို့ (အထူးသဖြင့် သာလွန်မင်း) လက်ထက်က စတင်ခဲ့ကြောင်းသိရသည်။ မင်းလယ်နှင့် နိုင်ငံတော်လယ်ပိုင်ဆိုင်မှုခွဲခြားခြင်းကို ထိုအချိန်တွင်မှ ပီပီသသစတင်ခဲ့ဟန် ရှိပေသည်။ သို့ဖြစ်လျှင်

ပြည်သူတို့ထံက ကောက်ခံရရှိသော လယ်ခွန်လယခတို့သာ မင်းဇကေရာဇ်တိုပကြိုက်ရာ သုံးစွဲခွင့်ရှိသည် သဘောသက်ရောက်ပေသည်။ မင်းပိုင်မြေနှင့် လမိုင်းလုပ်သားစုဖွဲ့စည်းပုံပြသော သာလွန်မင်းလုပ်ဆောင်မှုကို စစ်တမ်းတွင်တွေ့မြင်ရသည်။ ယခုဗဒုံမင်းလက်ထက်ကောက်ခံခဲ့သော အောင်ပင်လယ်စစ်တမ်းကို လေ့လာနိုင်ရန်တင်ပြလိုက်ပါသည်။

## အောင်ပင်လယ်လမိုင်းစစ်တမ်း

သက္ကရာဇ် ၁၁၄၅ နတ်တော်လဆန်း ၁၀ရက် ( ၃ ဒီဇင်ဘာ ၁၇၈၃) နေ့ အောင်ပင်လယ် လမိုင်းမှူး၊ ငပြည့်ထွန်း၊ နံ ၁ အသက် ၅၀၊ အဝန်း ငပေ၊ နံ ၆၊ အသက် ၅၀ သူတို့ကို မေးသော် ဆိုသည်။

ကျွန်တော်တို့ လမိုင်းစုကို သာလွန်မင်းတရားလက်ထက် မိုင်းတုံမြို့ပါ ယွန်ငအဲကျော်နှင့် လူပေါင်း ၂၀ ကို ရွှေနန်းရိုးလမိုင်း ဘွဲ့တော်မူသည်။ တောင်ငူမြင်းရဲ စောမှူးသွေ့ဘ်ပေန်းထွေးကို အမှူး၊ ယွန်းအဲကျော်ကို အဝန်းခန့်တော်မူသည်။

အောင်ပင်လယ်ညီတိုင်နက် မင်းမြေတွင် ကျီးကုန်းပါ အောင်ပင်လယ်ရွာတွင် ၁၅၁ ပယ် သင့် ၁ဲ ဒိ မြေနယ်ကား အရှေးအလားအသည်နေရွာလမ်းမအခြား၊ တစ်ဘက် ငချင်းမြေနှင့် ကျောခိုင်း၊ တောင်အလား ရွာလယ်လမ်းမအခြားတစ်ဘက် ငကျော်သာ တိုင်နက်မြေနှင့် ကျောခိုင်း၊ အနောက်အလား တလားမမြောင်းအခြားတစ်ဘက် ၎င်းငချင်း တိုင်နက် ငစံထွန်းလက်မြေနှင့် ကျောခိုင်း၊ မြောက် အလားအရာ တော်လယ်မြို့ထောင့် အခြားတစ်ဘက် ၎င်းတိုင်နက်မြေနှင့်ကျောခိုင်း၊ နယ်လေးရပ်နှင့်ချ သည်။

လုပ်ရန်လယ်တော်မှာ အောင်ပင်လယ်ရွာအနောက် တလားမပြွန် ရေသောက် ငချင်းတိုင်းနက် တောကုန်းပါ ပယ် ၃ဝဲ၊ ပေါက်ချိုင်ရွာအရှေ့ပြကန် ရေသောက်ထူပါရုံ ၃ တော်ငကျောင်းဝတ်မြေ၊ ငရွှေဘော်တိုင်နက်မြေလယ် ၅၊ တောင်သမန်ရွာ အရှေ့မဟာဒါန် တိုက်မြေအောင်ကျော်စံတိုက်နက် ၂၊ ၎င်းရွာအနောက် ၎င်းတိုက်မြေ ၎င်းတိုင်နက်လယ် ၁ဲ၊ ခွက်ခွင်းရွာ မြောက်မင်းငခဲထွေတိုင်နက် ၂၊

၁၁၂၂ ခု ဘုရားနောင်တော်မင်းတရားကြီးလက်ထက် ရွှေတောင်စား သိမ်းစု အောင်ပင်လယ်ကန် တွင် ရှင်ဖြူရှင်လှဘုရားဝတ်မြေ၊ ချင်းတိုင်နက် မုရင်းလယ် ၅၊ ၎င်းရွာအရှေ့ ၎င်းဘုရားဝတ်မြေ ၎င်းတိုင်နက်လယ်၂၊ ဆင်နင်းလယ် ၎င်းဘုရားဝတ်မြေ ၎င်းတိုင်နက်လယ် ၂၊ ၎င်းရွာအနောက် ၎င်း ဘုရားဝတ်မြေ ၎င်းတိုင်နက် လယ် ၂၊ ၎င်းအနောက် ၎င်းဘုရားဝတ်မြေ ၎င်းတိုင်နက် ပျိုးခင် ၂၊ ရွှေတောင်မကြီးအရှေ့၎င်း၊

ဘုရားဝတ်မြေ၊ ၎င်းတိုင်နက် ကောက်တီလယ် ၃၊ ၎င်းရွာမြောက် ၎င်းဘုရား ဝတ်မြေ ၎င်းတိုင်နက် လယ်နဘဲ ပင်လယ် ၁၊ ပယ်ပေါင်း ၁၅ ထပ်ဖြည့်သနားတော်မူသည်။

အစုစု ပယ်ပေါင်း ၅၉အနက် မထွင်းတော် ၅၊ လုပ်ရလယ် ၄၉၊ လယ် ၃ဉ်လျှင် တစ်ပုံ၊ လယ်ပုံပေါင်း၊ ၁၄ ပုံအနက် မှူးစား ၁ ပုံ၊ ငယ်လုပ် ၁ ပုံလျှင် စပါး ၂၅ ၅၊ ပေးရိုး၊ ၎င်းကျီရှိ စပါးကို ရွှေဘဝါးတော်အောက်ပို့ရမည် ဝန်စာရေးက ဆိုလျှင် အမှူးအဝန်း ငယ်သားတို့ ပို့ရိုး၊

လမိုင်းစုဘွဲ့ရင်းက အမှူးမှာ သိုးဖြူပုံစောက် ၁၊ ပလာပုဆိုး ၁၊ အင်းကျီခါသာ ၁၊ အဝန်းမှာ သိုးနက် ၁၊ ပိတ်ထူအင်းကျီ ၁၊ ပုဆိုးအဝမည်းကြောင်း ၁၊ ငယ်သားတို့မှာကား တူရွှင်းပေးအပ်၍ ဘွဲ့တော်မူသည်။ မဟာဥဂင်တော်ကြီးဖွင့်တော်မူလျှင် အမှူးအဝန်းတို့က ရေလျှော်ဖျင်ဖြူ ၁ စင်းစီ ကန်တော့ရိုး။

ကျွန်တော်တို့လမိုင်းစုကို သောထွန်းမှူးကြီး၊ မရှိလျှင် သား တောက်မှူးကြီးသည်။ မရှိလျှင် သားငရဲမြမှူးကြီးသည်။ မရှိလျှင် သားကျွန်တော်ပြည့်ထွန်းဆက်ခံမှူးကြီးသည်။

အဝန်းမှာ ညိုဝုန်းကြီးသည်။ မရှိလျှင် သားစံကြွယ်မှူးကြီးသည်။ မရှိလျှင်သား စံဖြူ။ ဝုန်းကြီးသည်။ မရှိလျှင် သားကျွန်တော် ငပေဆက်ခံဝုန်းကြီးသည်။ (လက်ရေးမူ၊ ဒေါက်တာတိုးလှစာစု)

စစ်တမ်းအရ ယွန်းလူမျိုးတို့နှင့် လမိုင်းအစုစတင်ဖွဲ့စည်းခဲ့ပုံအပြင် ယင်းတို့ကို ရပိုင်ခွင့် လုပ်ပိုင်ခွင့်နှင့် တာဝန်တို့ကိုလည်းတွေ့ရှိရသည်။ အဝတ်တန်ဆာ အဆောင်အယောင်တို့လည်းဖော်ပြ ထားသဖြင့် မြင်လျှင်လမိုင်းအကြီးအကဲဟုသိသာပေသည်။ ရာထူးအလိုက်ဝတ်စားမှု ကွဲပြားပုံကိုလည်း သတိထားမိနိုင်သည်။

ထို့နောက် အစစ်ခံချက်နှင့် တင်ဆက်သည့်စာရင်းကို ဖော်ပြသည်။ ထိုစာရင်းကို မူရင်းအတိုင်း မဖော်ပြတော့ဘဲ လိုရင်းကိုသာ တင်ပြပေးလိုက်ပါသည်။ ထိုစာရင်းတွင် လူဦးရေ ၄၃ ဦးကို ဖော်ပြသည်။ အိမ်ထောင်စု ၁၈ စု၊ ၎င်းအနက်က ကျားကြီး ၁၆၊ မကြီး ၉ ၊ ကျားငယ် ၅ ဖော်ပြသည်။ အသက်အကြီးဆုံးသည် ၆၅ ရှိ နှစ်ဦးသာတွေ့ရသည်။ သားသမီးအများဆုံး ၂ ဦးသာတွေ့ရသည်။ သားသမီးမမွေးသော အိမ်ထောင် ၁၀ စုကိုလည်း တွေ့ရသည်။ တစ်ဦးတည်းသော အိမ်ထောင် ၂ စု ရှိ၍၊ အမျိုးသမီးချည်း ဖြစ်ကြသည်။ အပျိုကြီးလော၊ မုတ်ဆိုးမလေလော မကွဲ၊ အသက် ၆၅ နှစ် နှင့် ၆၀ စီ ရှိကြသည်။ အချို့သည် အခြားအစုများမှ ပြောင်းဝင်လာသူများဖြစ်သည်။

မည်သည့် အစုအမှုထမ်းမဆို လမိုင်းသူ လမိုင်းသားနှင့် အိမ်ထောင်ကျလျှင် လမိုင်းအစုသို့သာ ပါဝင်ကြရမြဲဖြစ်သည်ကို ယခုအထောက်အထားက သက်သေပြနေသကဲ့သို့ရှိသည်။ ထိုသို့ ဥပဒေသ ပြဋ္ဌာန်းထားရသည်မှာ လမိုင်းအစုက ယုတ်နိမ့်သောကြောင့်ဟု အချို့က တွေးထင်တတ်ကြသည်။ စင်စစ် လယ်ယာစိုက်ပျိုးမှုသည် မြန်မာလူမှုအဖွဲ့အစည်း၏ အသက်သွေးကြောဖြစ်သောကြောင့် လယ်ယာ ကုန်ထုတ်လုပ်မှုတိုးတက်နေစေရန်၊ လယ်ယာကုန်ထုတ်လုပ်သားတိုးပွားများပြားစေရန် ရည်ရွယ်ပြဋ္ဌာန်းခဲ့ ခြင်းသာဖြစ်သည်။ သို့သော် တစ်ချက်ပြောစရာရှိသည်မှာ နောက်ပိုင်းတွင် လမိုင်းအစုထဲသို့ ရာဇဝတ် သားများကိုသွတ်သွင်းခဲ့သည်ကိုမှ ယုတ်ညံ့သောအစုဟု နှောင်းလူတို့အထင်ရှိလာခဲ့ခြင်းဖြစ်ဟန်ရှိပါ သည်။

ထို့ကြောင့် လမိုင်းအစုအထဲတွင် အခြားသော အစုအမျိုးမျိုးက လူများပါဝင်လာခဲ့သည်ကို တွေ့ရှိ ရသည်။ အဘယ့်ကြောင့် လမိုင်းအစုသို့ ဝင်လိုခဲ့ကြပါသနည်း။ သာမန်အားဖြင့် ကြည့်လျှင်ပင် လမိုင်း အစုသားတို့သည် အခြားသောအစုအမှုထမ်းတို့ပထက် အခွင့်အရေးသာသည်များရှိပါသည်။ လယ်ယာမြေ များရရှိကြသည်။ လိုအပ်သော မျိုးစေ့ကျွဲနွားတို့လည်း ရရှိနိုင်ကြသည်။ ထွက်သမျှမှ ၈၅ ရာနှုန်းကျော် ခံစားပိုင်ခွင့်ရှိသည်။ မင်းမှုမင်းခင်း အခွဲအခန့်လွတ်ကင်းသည်။ ထို့ကြောင့်လမိုင်းဘဝသည် အာမခံချက် ရှိခဲ့သည်။ သို့သော်လည်း နောက်ပိုင်း လမိုင်းသားတို့ စစ်မှုထမ်းလာကြရသည်ကို တွေ့ရှိရသည်။ အထူး သဖြင့်သီပေါမင်းလက်ထက်တွင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏လူသားရင်းမြစ်တို့ကို မစုစည်းနိုင်ခြင်း၊ အမှုထမ်းတို့ကို ကောင်းစွာ မကြည့်ရှုနိုင်ခြင်းတိုပည် ပဓာနအကြောင်းများဖြစ်နိုင်ကောင်းပါသည်။ စောစောက လမိုင်းအစုအတွင်းသိုပ ဝင်ရောက်လာခဲ့ကြသူတို့ကို တွေ့သမျှ ဖော်ပြပေးလိုက်ပါသ်ည။

**လမိုင်းအတွင်းဝင်လာကြသူများ**

| **စုရင်း** | **ဦးရေ** | **ပါဝင်လာခဲ့ရပုံ** |
|---|---|---|
| အီကင်းလှေ | ၃ | လမိုင်းသားနှင့်အိမ်ထောင်ကျ |
| နတ်ရှင်မြင်း | ၁ | လမိုင်းသားနှင့်အိမ်ထောင်ကျ |
| နောက်ဝင်း | ၁ | လမိုင်းသားနှင့်အိမ်ထောင်ကျ |
| ယော | ၁ | လမိုင်းသားနှင့်အိမ်ထောင်ကျ |
| ရေကြည် | ၄ | လမိုင်းသူ/သားတို့နှင့် အိမ်ထောင်ကျ |
| ငွေခွန် | ၂ | လင်မယားတစ်တွဲ၊ မည်သို့ ရောက်သည်မသိ |

ဆင်ခြေဖုံးသွေ၁ ၂ လင်မယားတစ်တွဲ၊ မည်သို့ ရောက်သည်မသိ

အထက်ပါစာရင်းကို ကြည့်လျှင်လမိုင်းသားတို့က လမိုင်းသူတို့ထက် ပြင်ပနှင့်ဆက်ဆံရေးပိုများသည်ကို တွေ့ရသည်။ လမိုင်းအစုဖွဲ့စည်းမှု သမိုင်းကြောင်းမှာမူ မစောလှချေ။

ထိုလမိုင်းအစုကို သာလွန်မင်းတရားလက်ထက်တွင်မှ မိုင်းတုံမြို့ပါ ယွန်းငအဲကျော်နှင့် လူပေါင်း ၂၀ ကို ရွှေနန်းရိုးလမိုင်းဖွဲ့ခဲ့သည်။ မူလဖွဲ့စည်းစဉ်ကအမှုုကို တောင်ငူပါ မြင်းတပ်မှူး ရဲစောမှူးသွေ၁မှ ငပန်းထွေးကို အထက်ကလေးတမူးမှသည် အောက်ပြည် မြစ်ဝကျွန်းပေါ် (မြန်အောင်) ဒေသအထိ ပြန့်နှံ့လျက်ရှိခဲ့သည်တွင် အောင်ပင်လယ်လမိုင်းသည် အထူးခြားဆုံး အစုတစ်ခု ဖြစ်သည်။ အကြောင်းမှာ ထိုလမိုင်းကို အမှီပြုလျက် မြန်မာစာပေဘက်၊ ဂီတအနုပညာရပ်များဘက်တို့ တွင်တိုးတက်လာခဲ့သည်များကို တွေ့ရှိရသောကြောင့်ဖြစ်သည်။

ဗဒုံမင်းက အောင်ပင်လယ်လမိုင်းစစ်တမ်းကို ကောက်ယူခဲ့သဖြင့် မြန်မာ့သမိုင်းတွင် လူမှုရေးနှင့် ဓလေ့သမိုင်းများစွာအထောက်အကူဖြစ်စေခဲ့ပါသည်။ ထိုမင်းက အောင်ပင်လယ်ကို ထပ်မံပြင်ဆင် ဆည်ဖို့ ပြီးနောက် ကျောက်စာတိုင်များလည်း နောင်လာနောက်သားတို့အတွက် စိုက်ထူထားပေးခဲ့ပါသည်။ ထိုကျောက်စာမှလည်း စိတ်ဝင်စားစရာအချက်တစ်ရပ်တွေ့ရှိရပါသေးသည်။ ယင်းကား အောင်ပင်လယ်ဝန်းကျင်တွင် သလာ၀အနေအထားမပျက်စေရအောင်ထိန်းသိမ်းပေးခဲ့ခြင်းဖြစ်ပါသည်။ မည်သို့ ထိန်းသိမ်းခဲ့သည်ကို ကျောက်စာမှ ထိုတ်နုတ်တင်ပြလိုက်ပါသည်။

> မန္တလေးမည်သော ရွှေတောင်၏ ရှေပြဗ္ဗာစွန်း ဘိုးတော်ဂူကျောက်တိုင် ဘိုးတော်ဂူမှသည် တာနှစ်ထောင်ငါးရာ (၂၅၀၀ါ)၊ အရှေ့မြောက်ရေထွက်ကျောက်တိုင်၊ ရေထွက်ကျောက်တိုင်မှသည်တောင်ခြေရင်းလျှောက်လျှောက် ကောက်ကစင်းတာနှစ်ထောင်ခုနှစ်ရာ့လေးဆယ် ခုနှစ်ပြန် (၂၇၄၇ါ)၊ အရှေ့တောင်ကျောက်ထရံကျောက်တိုင်။ ကျောက်ထရံမှသည် တာတစ်ထောင်ခုနှစ်ရာ့ခုနှစ်ဆယ်(၁၇၇၀ါ)။ အနောက်တောင် ကန်ပိုင်ရိုး မန်ကျည်းပင် ကျောက်တိုင်။ မန်ကျည်းပင်မှသည် တာနှစ်ထောင့်ခုနှစ်ရာ လေးဆယ်ခုနှစ်ပြန် (၂၇၄၇ါ)။ ကန်ပိုင်ရိုးလျှောက် အနောက်မြောက်ပထမဆောက်သည့် နိမိတ်သို့ ဆိုက်လေသော် ပတ်ချုပ် ရိုးရိုးတာမထိုးသော် ကိုးထောင်ခုနှစ်ရာ့လေးဆယ်လေးတာ အပြန်ရှိသော နိမိတ်အတွင်း၌ နေကုန်သော ရေပိုးရေမွှားသားငှက်တိရိစ္ဆာန်တို့အားဘေးမဲ့ဖြစ်စေ။ (ကျောက်–ကျော၊ ကြောင်း ၇–၁၅)

ရန်ဖော်ပြထားသည်။ ဗဒုံမင်း၏လုပ်ဆောင်မှုသည် သူကုသိုလ်ဖြစ်စေလိုသောကြောင့် သတ္တဝါတို့ကို မသတ်မဖြတ်ရန်ဘေးမဲ့ပေးခဲ့ခြင်းသာဖြစ်ပါသည်။ ယနေ့သိမြင်သဘောပေါက်နေသကဲ့သို့ သဘာ၀

ပတ်ဝန်းကျင်ထိန်းသိမ်းလို၍မဟုတ်ပါ။ သို့သော်တစ်စိတ်တစ်ပိုင်းအားဖြင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပင်ဖြစ်ပါသည်။

> အောင်ပင်လယ်နှင့်ပတ်သက်၍ ဗဒုံမင်းက
>
> အောင်ပင်လယ်ကန်သည် ရှေးမင်းတို့ပြုစုရင်း ပယ်လေးသောင်းနှင့်တကွ အံ့ဖွယ်ရှစ်ပါး နှင့်ပြည့်စုံသည်။ တစ်ကြောင်းလည်းတာဝတိံသာမစာသုဒဿနမြို့ အရှေ့မြောက်ယွန်း မဟာဝန်ဥယျာဉ်ရေကန်ကဲ့သို့ ငါစံနေတော်မူသည့် မဟာအမရပူရ ရွှေမြို့တော်၏ အရှေ့မြောက်ယွန်း ဧသန်အရပ်ဖြစ်၍လည်း အလွန်တင့်တယ်ခြင်းဖြစ်သည်။ သားတော်အစဉ်မြေးတော်အဆက်မြစ်တော်အညွန့်အစွန့်ရှည်စွာတည်ထွန်းရစ်အောင်ပြုစုတော်မူသည်။

ဟုမိန့်တော်မူလျက် ၂၅ မေ ၁၇၈၈ တွင် ထွက်ကြွတော်မူ၍ အောင်ပင်လယ်ရွာရှေ့တွင် သဘင် နန်းနှင့်စံနေကာ ကန်တော်ပြုပြင်မှုကို ကိုယ်တော်ကိုယ်တိုင်ကြပ်မတော်မူသည်။ ရေသောက်ပယ် ၄၀၀၀၀ ကိုလည်း တစ်ကွက်မလပ်လမိုင်းသားတို့ကို ချထားပေးဝေခဲ့သည်။

အောင်ပင်လယ်က မင်းပိုင်လယ်များရှိသဖြင့် နေပြည်တော်၏ ဆန်စပါး ဖူလုံနိုင်စရာရှိသည်ဟု ယုံကြည်ရသည်။ တစ်ခါက မင်း၏ ကျီတော်များဟောင်းနွမ်းမပြင်ဆင်နိုင်သေးဖြင့် အောင်ပင်လယ်မှ ရသော စပါးတော်များကို လစ်လပ်နေသော မင်းသားမင်းသမီး တို့၏ ကျီတော်များတွင် သွင်းထားရန် အမိန့်တော်ထုတ်ပြန်ခဲ့ဖူးသည်။

> သက္ကရာဇ် ၁၁၆၈ ခုနှစ်သွင်းစုအောင်ပင်လယ်စပါးတော်လမိုင်းစပါးတော်များကို ကျီတော်များ ဟောင်းနွမ်းယိုယွင်းသည့် အိမ်ရှေ့မင်း စစ်ကိုင်းမင်း သားတော် သမီးတော် များက ဆောက်လုပ်သည့် ကျီများတွင် စပါးမရှိ လပ်သည့် ကျီများကို ပြန်မှုသွင်းစေ။
>
> ၁၁၆၈ ခု ပြာသိုလပြည့်ကျော် ၁၅ ရက် (၇ ရက် ဇန်နဝါရီ ၁၈၀၇) နေ့ နားခံစမြောင်မှူးတွင် ပြန်။ (ROB VI: 326)

နိဂုံး

အောင်ပင်လယ်ကန်ကြီးကို မင်းရှင်စော တူးဖော်ခဲ့စဉ်က နယ်သူနယ်သားတို့ လုပ်ခင်းဆောင်တာဖြစ်ထွန်းစေရန် စေတနာရည်မှန်းချက်တစ်ခုသာရှိခဲ့ပါမည်။ ထိုကျေးဇူးကြောင့် မင်းရှင်စော အပေါ် နယ်သူနယ်သားတို့၏ ချစ်ခင်ကြည်ညိုခြင်းကို ရရှိနိုင်မည်ဟု ယုံကြည်ရပါသည်။ ထိုကန်ကြီးကို နောက်ပိုင်း မင်းတို့ဆက်လက်ထိန်းသိမ်းခဲ့ကြပါသည်။ ကုန်းဘောင်မင်းတို့တွင် ဗဒုံမင်းနှင့် မင်းတုန်းမင်းတို့ သည် အောင်ပင်လယ်ကန်၏ အရေးပါမှုကို သိရှိနားလည်သောမင်းများဖြစ်ခဲ့ကြပါသည်။ ထို့ကြောင့် ကောင်းစွာ ထိန်းသိမ်းပြုစုစောင့်ရှောက်ခဲ့ကြခြင်းဖြစ်ပါသည်။ ရတနာပုံခေတ်တွင် အောင်ပင်လယ်ကန်

သည် ရွှေမြို့တော်၏ ကျက်သရေဆောင်ဖြစ်ခဲ့ပါသည်။ စီးပွားရေးလူမှုရေးအတွက် သာမကနိုင်ငံရေး စစ်ရေးတို့တွင်ပါအရေးပါသောနေရာဖြစ်လာခဲ့ပါသည်။ မြို့တော်ပတ်လည်တွင်ကန်ကြီးများ မြစ်ချောင်း အင်းအိုင်များ ရှိနေခြင်းအားဖြင့် ပူလောင်သောရာသီဥတုကိုလည်း ကာကွယ် ထားနိုင်ပါသည်။ သဘာဝ တောတောင်များလည်း နေနိုင်သဖြင့် မြို့တော်၏ သာယာသော ရှုခင်းရှုကွက် လည်းဖြစ်ပါသည်။ လူနေ ထူထပ်သောကြောင့် လူသားရင်းမြစ်ဖြစ်ထွန်းရာ ကျောထောက်နောက်ခံနယ် ဟုလည်း ဆိုနိုင်ပါသည်။ ထို့ကြောင့်အောင်ပင်လယ်ကန်သည် ရတနာပုံခေတ်၏ပျော်မွေ့မွယ်အရပ်အဝန်း တစ်ခုဖြစ်ခဲ့ရုံမျှမက ရာသီဥတုနှင့် ပတ်ဝန်းကျင်သမမျှတမှုကိုလည်းဖြစ်စေသောကြောင့် ထိုခေတ်က ပြည်သူများအတွက် အောင်ပင်လယ်၏ ကျေးဇူးသည် ကြီးမားလှပါသည်။